# ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့ (၂၉.၂.၂၀၁၂)ရက်နေ့တွင် ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ၂၀၁၁-၂၀၁၂ ခုနှစ်နှင့် ၂၀၁၂-၂၀၁၃ ခုနှစ် ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းတင်ပြခြင်း

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေးရဲ့ ဒုတိယပိုင်း အစီအစဉ်ကို ဆက်လက်ကျင်းပသွားမှာ ဖြစ်ပါတယ်။ ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ ပထမနေ့မှာ တင်သွင်းသော ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ၂၀၁၁-၂၀၁၂ ခုနှစ်နှင့် ၂၀၁၂-၂၀၁၃ ခုနှစ် ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၃(ခ)အရ ဥပဒေပြုရေးဆိုင်ရာကော်မတီအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းတင်ပြပေးပါ ရန် ဖြစ်ပါတယ်။ ဖတ်ကြားပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးအောင်ကျော်ညွန့်၊ ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ ပြည်နယ် လွှတ်တော်ဥပဒေပြုရေးဆိုင်ရာကော်မတီဥက္ကဋ္ဌမှ တာဝန်ပေးအပ်သော ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ဥပဒေပြုရေးဆိုင်ရာကော်မတီ အတွင်းရေးမှူး ဦးအောင်ကျော်ညွန့် ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော်တင်သွင်းဖတ်ကြားရမဲ့ ဥပဒေကြမ်းကတော့ ရှမ်းပြည်နယ်အစိုးရ အဖွဲ့၏ ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းသည့် ၂၀၁၁-၂၀၁၂ ခုနှစ်နှင့် ၂၀၁၂-၂၀၁၃ ခုနှစ် ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဖတ်ကြားတင်သွင်းရမှာ ဖြစ်ပါတယ်။

**နိဒါန်း**

၁။ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေးသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၁-၂၀၁၂ ၂၀၁၂-၂၀၁၃ ခုနှစ် ဘဏ္ဍာရေးနှစ်များအတွက် ဒေသန္တရစီမံကိန်းဥပဒေကြမ်းကို တင်သွင်းခဲ့ပါ တယ်။

၂။ ယင်းတင်ပြချက်များအရ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ ယင်းစီမံကိန်းဥပဒေကြမ်းနှင့် ပတ်သက်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၃၃(ခ)အရ လွှတ်တော်တွင် ဖတ်ကြားရှင်းလင်းနိုင်ရေးနှင့် ကော်မတီ၏ အစီရင်ခံစာပြုစုတင်ပြရန် ပေးပို့လာခဲ့ ပါသည်။

၃။ သို့ဖြစ်ပါ၍ ယင်းညွှန်ကြားချက်နှင့်အညီ ဤအစီရင်ခံစာကို ပြုစုတင်ပြရခြင်း ဖြစ်ပါသည်။

## လေ့လာတွေ့ရှိချက်များ

၄။ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေးသို့ တင်သွင်းသည့် ရှမ်းပြည်နယ်အစိုးရ အဖွဲ့၏ ဒေသန္တရစီမံကိန်းဥပဒေကြမ်းတွင် ဖော်ပြပါရှိသောအချက်များသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် နောက်ဆုံးလသို့ ရောက်ရှိနေပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထူးစိစစ် ဆောင်ရွက်ရန်မရှိဘဲ အတည်ပြုပေးသင့်သည်ကို တွေ့ရှိရပါသည်။

၅။ ၂၀၁၂-၁၃ ဘဏ္ဍာရေးနှစ်အတွင် တင်ပြသည့် ဥပဒေကြမ်းများမှာ ကုန်ဆုံးမည့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်ကို အခြေပြုပြီး ရေးဆွဲပေးသည့် ဥပဒေကြမ်း ဖြစ်ကြောင်းတွေ့ရှိရပါသည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းကဏ္ဍအလိုက် မူဝါဒများ၊ ရည်မှန်းချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လာသည့် စီမံကိန်းဖြစ်သည်ကိုလည်း တွေ့ရှိရပါသည်။

၆။ အချို့ကဏ္ဍများတွင် ဖော်ပြသည့် စကားအသုံးအနှုန်းများသည် ရှေ့နောက်အဓိပ္ပာယ် မကွဲလွဲစေရေးနှင့် လက်တွေ့အနေအထားနှင့် မကင်းလွတ်စေရန် သတိပြုသုံးနှုန်းသင့်ကြောင်းကို သုံးသပ်ရရှိပါသည်။ ဥပမာ ဥပဒေကြမ်း၏ ပုဒ်မ ၉ အပိုဒ် ၂ ၌ သစ်နှင့် အခြားသစ်တောထွက် ပစ္စည်းများ စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲရေးဟူသော အသုံးအနှုန်းအား စဉ်ဆက်မပြတ် ထုတ်ယူရာတွင် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ဆက်လက်ထုတ်ယူသုံးစွဲရေးဟု သုံးနှုန်းသင့်ပါကြောင်း အဆိုပြုအပ်ပါသည်။

## ကော်မတီ၏ သဘောထားမှတ်ချက်

၇။ အထက်တွင် ဖော်ပြခဲ့သည့်အတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် ဒေသန္တရစီမံကိန်း ဥပဒေကြမ်းသည် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွက် လုပ်ဆောင်ခဲ့သည်များကို မိမိဒေသနှင့် လိုက်လျောညီထွေဖြစ်စေမည့်အချက်များဖြင့် ပေါင်းကူးဆောင်ရွက်သွားမည်ကို တွေ့ရှိရသဖြင့် ဖော်ပြသည့် ကိန်းဂဏန်းများကို အခြေခံနှစ်အဖြစ် ထားရှိသင့်ပါသည်။

၈။ တင်သွင်းလာသည့် ဥပဒေကြမ်းတွင် ဆောင်ရွက်မည့် ရည်မှန်းချက်များသည် ဒေသတစ်ခု ချင်းအတွင် ခွဲခြမ်းစိတ်ဖြာ၍ ဆောင်ရွက်ရန်မဟုတ်ဘဲ ရှမ်းပြည်နယ်ဒေသတစ်ခုလုံးကို လွှမ်းခြုံကာ ရည်မှန်းထားသည့်အချက်ဖြစ်ပါသည်။ ဥပဒေကြမ်းအား အတည်ပြုပြီးပါက ယင်းအား

အခြေခံပြီး ဒေသတစ်ခုခြင်းစီအတွက် စီမံချက်များရေးဆွဲကာ အကောင်အထည်ဖော်သွားရမည် ဖြစ်ကြောင်း သုံးသပ်ရရှိပါသည်။

၉။ သို့ဖြစ်ပါ၍ တင်သွင်းသည့် စီမံကိန်းဥပဒေကြမ်းအား လွှတ်တော်မှ အတည်ပြုပေးသင့်ပါကြောင်း ဤကော်မတီမှ အစီရင်ခံတင်ပြအပ်ပါသည်။ **( ဩဘာသံများ )**

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၂-၂၀၁၃ ခု ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စာရင်းပေးသွင်းထားခြင်း မရှိတဲ့အတွက် နောက်အစီအစဉ်ကို ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

## ၂၀၁၂-၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ရှင်းလင်းဆွေးနွေးခြင်း

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၂-၂၀၁၃ ခုနှစ် ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ ဝန်ကြီးက ရှမ်းပြည်နယ်အစိုးရအနေဖြင့် တင်ပြပေးပါရန် ဖိတ်ခေါ်အပ်ပါတယ်။

ဦးခွန်သိန်းမောင်၊ စီမံကိန်းဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာနအား ပူးတွဲတာဝန်ထမ်းဆောင်နေသော ပြည်နယ်ဝန်ကြီး ဦးခွန်သိန်းမောင် ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းတဲ့ ၂၀၁၁-၂၀၁၂ နဲ့ ၂၀၁၂-၂၀၁၃ ခုနှစ် ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီရဲ့ စိစစ်တင်ပြချက်အစီရင်ခံစာအပေါ် အဆိုပြုချက်အပေါ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား ရှင်းလင်းတင်ပြပေးသွားမှာ ဖြစ်ပါတယ်။ ဥပဒေပြုရေးဆိုင်ရာကော်မတီ လေ့လာတွေ့ရှိချက်များထဲမှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် တင်ပြတဲ့ ဥပဒေကြမ်းမှာ ကုန်ဆုံးမဲ့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်ကို အခြေပြုပြီး ရေးဆွဲထားတဲ့ ဥပဒေဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းအလိုက် မူဝါဒများ၊ ရည်မှန်းချက်များနှင့် အညီ အကောင်အထည်ဖော်ဆောင်ရွက်လာသည့် စီမံကိန်းဖြစ်သည်ကို တွေ့ရှိရကြောင်းလို့ ဖော်ပြထားပါတယ်။

အချို့ကဏ္ဍတွေမှာ ဖော်ပြထားတဲ့ စာသားအသုံးအနှုန်းများသည် အရှေ့၊ အနောက် အဓိပ္ပာယ်မကွဲလွဲစေရေးနှင့် လက်တွေ့အနေအထားနှင့် မကင်းလွတ်စေရန် သတိပြုသုံးနှုန်းသင့်ကြောင်းကို သုံးသပ်ရရှိပါသည်ဟု ဖော်ပြထားတာကိုလည်းတွေ့ရှိရပါသည်။ ဥပမာအားဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေကြမ်းရဲ့ ပုဒ်မ ၉၊ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၂)၌ သစ်နှင့် သစ်တောထွက် အခြားပစ္စည်းများ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲရေး ဟူသော အသုံးအနှုန်းအား စဉ်ဆက်မပြတ်ထုတ်ယူရာတွင် သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ဆက်လက်ထုတ်ယူသုံးစွဲရေးဟု သုံးနှုန်းသင့်ပါသည်ဆိုတဲ့ အဆိုပြုချက်အာ ပိုမိုပြည့်စုံလေးနက်ပါသဖြင့် လျော်ကန်သင့်မြတ်လှပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ကန့်ကွက်ရန်မရှိသဘောတူပါတယ်။

အဲဒီအပြင် ကော်မတီရဲ့ သဘောထားမှတ်ချက်ဖြစ်တဲ့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် ဒေသန္တရစီမံကိန်းဥပဒေကြမ်းသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ဆောင်ခဲ့သည်များကို မိမိဒေသနှင့် လိုက်လျောညီထွေမည့်အချက်များနှင့် ပေါင်းကူးဆောင်ရွက်သွားမည်ကို တွေ့ရှိရသဖြင့် ဖော်ပြတဲ့ ကိန်းဂဏန်းများအခြေခံနှစ်အဖြစ် ထားရှိသင့်သည်ဆိုတဲ့ အဆိုပြု အကြံပြုချက်ကိုလည်း လျော်ကန်သင့်မြတ်လှပါတယ်။ ၂၀၁၂-၂၀၁၃ ခုနှစ်အတွက် ရှမ်းပြည်နယ်ရဲ့ ဒေသန္တရစီမံကိန်းဥပဒေကြမ်းမှာ ဆောင်ရွက်မဲ့ စီမံကိန်း ရည်မှန်းချက်များသည် ဒေသတစ်ခုချင်းအတွက် ခွဲခြမ်းစိတ်ဖြာ၍ ဆောင်ရွက်ရန် မဟုတ်ဘဲ ရှမ်းပြည်နယ်ဒေသတစ်ခုလုံးလွှမ်းခြုံကာ ရည်မှန်းထားသည့်အချက်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း အတည်ပြုပြီးပါက ယင်းအား အခြေခံပြီး ဒေသတစ်ခုချင်းစီအတွက် စီမံချက်များ ရေးဆွဲကာ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သုံးသပ်အတည်ပြုချက် ဖော်ပြချက်သည် လျော်ကန်သင့်မြတ်လှပါသဖြင့် ကန့်ကွက်ရန်မရှိသဘောတူပါတယ်။ အဲ့ဒီအပြင် ဖော်ပြပါအကြံပြုချက်အတိုင်း ဒေသတစ်ခုချင်းစီအတွက် စီမံချက်များရေးဆွဲကာ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အစီရင်ခံတင်ပြ အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ **( သြဘာသံများ )**

**ဥက္ကဋ္ဌ။** ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းဥပဒေကြမ်းကို ပြင်ဆင်ရန် အဆိုပြုချက်နှင့်စပ်လျဉ်းပြီး အဆိုပြုပေးသည့်ပြဋ္ဌာန်းချက် သစ်နှင့်အခြားသစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲရေးအစား ပြင်ဆင်သတ်မှတ်ပေးသည့် စဉ်ဆက်မပြတ်ထုတ်ယူရာတွင် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ဆက်လက်ထုတ်ယူသုံးစွဲရေး ဟူသော အသုံးအနှုန်းကို ဥပဒေကြမ်းမှာ ပြင်ဆင်သတ်မှတ်ရန်

အတွက် လွှတ်တော်ရဲ့ ဆန္ဒကို ခံယူပါတယ်။ ပြင်ဆင်သော အသုံးအနှုန်းကို လွှတ်တော်က သဘောတူပါသလား ခင်ဗျား။ ( (၃)ကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။)

လွှတ်တော်က သဘောတူသည့်အတွက် စဉ်ဆက်မပြတ်ထုတ်ယူရာတွင် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ဆက်လက်ထုတ်ယူသုံးစွဲရေး ဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။ **( ဩဘာသံများ )**